ဒါတို့ ၁၁၄ပ


THE ORIGINAL QUALITY
DIPLOME D'HONNEUR AMSTERDAM 1883
TRADE MARK
မြေမှုန်လွင်
MEDAILLE D'OR PARIS 1875
GRAND PRIX PARIS 1889
EST. 1873
BREWED WITH NATURAL INGREDIENTS

# အခန်း(၁)

## မြေမှုန့်လွင်

### ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ ဖုံ့တစ်ကောင်လွတ်နေ

ဘဝမှာ လုပ်ချင်တာလေးတွေ လုပ်ရတဲ့အခါ

သပျော်တာပေါ့ဗျာ....။

ဒီဝတ္ထုလေးတွေ ကလည်း ကျွန်တော်

လုပ်ချင်တာတွေ ထဲက တစ်ခုပေါ့။

ဒီထက်ဘာမှမပိုပါဘူး။

အမျိုး ၊ ဘာသာ၊ သာသ  နာတိုးတက်ဖို့တို့

အနုပညာစစ် မစစ် မှတ်ကျောက်တင်ခံဖို့တို့

ကျေးရူးရှင်စာဖတ်ပရိသတ်ကြီး နှလုံးပီတိ ဝွမ်းဆီထိဖို့တို့

ဘာညာကွိကွ ရည်ရွယ်ချက်များ နဲ့ ရေး ခဲ့တာတော့ မဟုတ်ပါဘူးလေ....။

မြေမှုန့်လွင်

•••

## သရဲရထား

သူရယ်၊ ကျွန်တော် ရယ်၊ သူ့အစ်ကိုရယ် ကျောင်းလစ်ပြီး သရဲရထားစီးတုန်းကပေါ့။ ရထားကြီးတစ်စင်းလုံးမှာ ကျွန်တော် တို့သုံးယောက် ရယ်၊ ခပ်လတ်လတ် မိန်းကလေးနှစ် ယောက် ရယ်ပဲ ပါတယ်။ တစ်လမ်းလုံး ဖြူး ဖြဲဂူးဝဲနဲ့ အရုပ်တွေ ကတော့ သူတို့ရဲ့ ပရိဂရမ်အတိုင်း ခြောက်တာပေါ့။ အဲဒီ အရွယ်တုန်း ကတော့ ကျွန်တော် တို့က ခပ်ရွတ်ရွတ်တွေ အပြင် နောက်မှာ လည်း ကောင်မလေးတွေ က ပါလာတော့ တကယ်

ကြောက်ရင်တောင် မကြောက်တဲ့ပုံပေါက်အောင် စတိုင်လ်ဖမ်းထားကြတယ်။ ဟီးဟီးဟားဟားနဲ့ အရုပ်တွေ ပါကွာ ဘာညာနဲ့ ပြန်ထွက်လာတာပေ့ါ။ ကောင်မလေးတွေ ကတော့ ကြောက်ကြတယ်ထင်ပါရဲ့ ။ တစ်ယောက် နဲ့ တစ်ယောက် စကားမပြောနိုင်ဘဲ တုန်တုန်ယင်ယင်နဲ့ လစ်သွားရှာတယ်။

အဲဒီ မှာ ပြဿနာက စတာပဲ။ သူ့အစ်ကိုနဲ့ သူ စကားများ ကြတယ်။ သူ့အစ်ကိုက အဲဒီ ကောင်မလေးတွေ ကို ကြည့်ပြီး အသေလှောင်တယ်။ ငါသာဆို အရုပ်တွေ ကို ဆင်းပြီး သေးနဲ့တောင် ပန်းရဲသေးတယ် ဘာညာပေ့ါဗျာ။ သူကလည်း နည်းနည်း လေးမှ စကား အတင်စီးမခံချင်တဲ့အကောင်။ မင်းလည်း တကယ်တော့ ကြောက်တာပဲ။ ကောင်မလေး တွေ ရှိလို့ မကြောက်ချင်ယောင်ဆောင်နေတာမလား ဘာလားနဲ့ စကားများ ကြတယ်။ မင်းတို့ အဲလောက် ဖြစ်နေရင် နောက်တစ်ခေါက်သွားစီးကြပါလားဆိုတော့ သူနဲ့ သူ့အစ်ကို က တကယ်စီးမယ် ဖြစ်သွားလေရော။ ဒီလိုနဲ့ ကျွန်တော် တို့လည်း...

ကျွန်တော် တို့ နောက်တစ်ခေါက်စီးတော့ ရထားပေါ်မှာ လူအပြည့်နီးပါးပဲ။ ဘာပဲ ဖြစ် ဖြစ် လူတွေ အများ ကြီးနဲ့ဆိုတော့ ပျော်စရာကြီးပေ့ါ။ ရထားကြီး စထွက်ပါပြီ။ ပလက်စတစ်ရုပ်တွေ က သူတို့ပရိုဂရမ်အတိုင်း ခြောက်နေတာပေ့ါ။ ထုံးစံအတိုင်း ကျွန်တော် တို့သုံးယောက် လည်း ဟီးဟီးဟားဟားနဲ့ နောက်လိုက်ပြောင်လိုက်ပေ့ါ။ ဒါပေမဲ့ ခဏကြာတော့ ကျွန်တော့် စိတ်ထဲမှာ မသိုးမသန့် ဖြစ်လာတယ်။ နောက်ထပ် သတိထား မိတာက အသံ။ ဟုတ်တယ်... အသံ။ အသံတွေ က စပီကာကထွက်လာတဲ့ အသံတွေ ဟုတ်ကောဟုတ်ရဲ့ လား။ အရမ်းကို အသက်ပါနေတယ်။ အဲဒီ အချိန်မှာ ပဲ...

အဲဒီ အချိန်မှာ ပဲ အစောပိုင်းတုန်းက နောက်ပြောင်နေတဲ့ သူ့အစ်ကိုက တစ်ကိုယ်လုံး တုန်ယင်နေတယ်။ သရဲခြောက်သံတွေ တိတ်သွားတဲ့အခါမျိုးဆို ဒူးတွေ တုန်ပြီး တစ်ချောင်းနဲ့တစ်ချောင်း ရိုက်နေတဲ့ အသံတွေ ကို အတိုင်းသားကြားရတယ်။ မျက်နှာက လည်း သွေးမရှိတော့သလို ဖြူဖပ်ဖြူရော်နဲ့။ သူ့အစ်ကိုကပဲ စပြီး တုန်တုန်ယင်ယင်နဲ့...

'ဟော့... ဟော့ကောင်တွေ ... ဒါ... ဒါ အရုပ်တွေ မဟုတ်ဘူးထင်တယ်၊ တ... တ... တကယ့်သရဲတွေ ကွ'

ကျွန်တော် နဲ့ သူလည်း အသံတိတ်နေရတယ်။ တခြားအချိန်တွေ မှာ များ ကျွန်တော် တို့ကို အဲလိုလာပြောကြည့်ပါလား။ အသားကုန် ဟားလွှတ်ပစ်မှာ ။ အခုအချိန်မှာတော့ ကျွန်တော် တို့နှစ် ယောက် စလုံး ကြောက်နေတယ်။ အရုပ်တွေ ကလည်း ပရိဂရမ်နဲ့ လှုပ်ရှားနေပုံမပေါ်တော့ဘူး။ သူတို့စိတ်ကြိုက် အားရပါးရခြောက်နေတဲ့ပုံပဲ။ နောက်ပြီး အသိသာဆုံးက အသံ။ သူတို့အသံတွေ က ဘယ်လိုမှ စပီကာကလာတဲ့အသံမျိုး မ ဖြစ်နိုင်ဘူး။ အရမ်းအသက်ဝင်နေတယ်လေ။

'ဟေ့ကောင်တွေ ... ငါ... ငါ... ငါ ပြေးတော့မယ်'

ကျွန်တော် တို့နှစ် ယောက် လည်း ကြောက်နေတဲ့ကြားက သူ့အစ်ကိုကို ထိန်းထားရတယ်။ ဘယ်လိုလုပ်ပြီး ပြေးလို့ရနိုင်မှာ လဲ။ ပြေးဖို့နေနေ သာသာ သူ့ပုံစံက မတ်တတ် တောင်ရပ်နိုင်မယ်ပုံစံမျိုး မဟုတ်ဘူး။ ဒါပေမဲ့ လူဆိုတာမျိုးကလည်း တကယ်ကြောက်လာပြီဆိုရင် သွေးရူးသွေးတန်း ဖြစ်တတ်တယ် မဟုတ်လား။ ဒါကြောင့် စိတ်ချရအောင် ဆိုပြီး သူ့အစ်ကိုကို သူနဲ့ ကျွန်တော့် ရဲ့ ကြားကို ပြောင်းထိုင်ခိုင်းလိုက်ပြီး ကျွန်တော် တို့လည်း ကြောက်ကြောက်ရွံ့ရွံ့နဲ့ပဲ ရထားကြီး ဦးတည်ရာနောက် လိုက်ပါနေရတယ်။

သူ့အစ်ကိုကို နေရာရွှေ့ပေးတုန်းက ကျွန်တော် သတိပြုလိုက်မိတာ တစ်ခု ရှိတယ်။ အဲဒါက ရထားပေါ်က လူတွေ ပဲ။ ကျွန်တော် တို့သုံးယောက် စလုံး အကြီးအကျယ် ကြောက်နေပေမယ့် တခြားလူတွေ ကတော့ မကြောက်ကြတဲ့ပုံပဲ။ သူတို့မျက်နှာကြည့်ရတာ ကြောင်တိကြောင်တောင်နဲ့၊ မျက်လုံးတွေ ကလည်း အသက်မပါလိုက်ကြတာ။ ဟုတ်တယ်။ သူတို့မျက်နှာတွေ ကြည့်ရတာ ကြောက်ရမယ်ဆိုတာကို မသိတဲ့ပုံမျိုး။ ဘယ်လို ပြောရမလဲ။ မကြောက်တာမဟုတ်ဘူး။ ကြောက်တယ်ဆိုတာကို နားမလည်တဲ့ပုံ။

အဲဒီ အချိန်မှာ ပဲ ကျွန်တော့် ခြေထောက် နွေးခနဲ ဖြစ်သွားပြီး စိုရွှဲသွားတယ်။ ဒုက္ခပါပဲ။ သူ့အစ်ကို ကတော့ အကြောက်လွန်ပြီး သေးတွေ ထွက်ကုန်ပြီ။ ကျွန်တော် တို့နှစ် ယောက် လည်း တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်လို့ ဘာလုပ်လို့ ဘာကိုင်ရမလဲ မသိဘူး ဖြစ်နေတယ်။ တကယ်တော့ ကျွန်တော် တို့နှစ် ယောက် လည်း သူ့အစ်ကို

လောက်သာ ပုံပျက်ပန်းပျက်မ ဖြစ်တာ။ ကိုယ့်ဘာသာကိုယ်တော့ ကြောက်နေကြတာပဲ။ ပိုဆိုးတာက အသားကုန်ခြောက်နေတဲ့ သရဲတွေ ကို မမြင်အောင်ဆိုပြီး မျက်စိမှိတ်ထားလို့မရတာ ပဲ။ မျက်စိမှိတ်ထားလိုက်ရင် အသံတွေ ချည်းကြားနေရပြီး အဲဒီ အသံတွေ က ပိုလို့တောင် ကြောက်ဖို့ကောင်းနေသေး။ ကျွန်တော် တို့ဘဝမှာ တစ်ခါမှ မကြားဖူးသေးတဲ့ အသံတွေ မျိုး။ တကယ့်ကို အော်ဂလီဆန်စရာကြီးတွေ ။ ဘယ်လိုမှ နားလည်အောင် ရှင်းပြလို့ရမှာ မဟုတ်ဘူး။ ကိုယ်တိုင်ကြုံဖူးမှပဲ ဘယ်လိုအသံမျိုးလဲဆိုတာ နားလည်မှာ ။

သရဲခြောက်လိုက်ပုံကလည်းဗျာ... နိုင်းလောက်ရှိမယ်။ သေမယ်ဆို သေလို့ရ တယ်။ ဘေး၊ အပေါ်၊ အောက်၊ အသံ၊ အနံ့ ပုံစံပေါင်းစုံအောင်ကို ခြောက်တာ။ စိတ် မထင်ရင် မထင်သလို ကြမ်းကြမ်းရမ်းရမ်းကို ခြောက်ကြတယ်။ ကျွန်တော် တို့တွေ မြော့သွားတဲ့အထိ အားရပါးရခြောက်ပြီးမှ သရဲတွေ ခဏနားသွားတော့တယ်။ ကျွန်တော် တို့တွေ အဲဒီ လို မြော့ပြီး ကြောက်လှပါပြီလို့ ပါးစပ်ကနေအော်မှ သရဲတွေ က ကျေနပ် ကြတာ။ ကျွန်တော် တို့ကို အဲလိုပုံစံမျိုး မ ဖြစ် ဖြစ်အောင်လည်း ခြောက်ကြတယ်။ သရဲတွေ တစ်ခါခြောက်တာခံပြီးတိုင်း တစ်ခါမေ့မြောသွားမတတ်အောင်ပါပဲ။ ဆင်းရဲလိုက်တာ။

အခုတော့ ကျွန်တော် လည်း လက်ခံလိုက်ရပါပြီ။ ဒါ ဘယ်လိုနည်းနဲ့မှ ပရိဂရမ် တွေ မ ဖြစ်နိုင်ဘူး။ တကယ့်သရဲတွေ ပဲဆိုတာ။ ဒါပေမဲ့ ကျွန်တော့် ကို စိတ်သက်သာစေမယ့်အတွေ းတစ်ခု ဝင်လာတယ်။ ကျွန်တော် တို့ စီးနေတာက သရဲရထားလေ။တစ်ချိန်တော့ ပန်းခြံထဲကို ပြန်ရောက်မှာ ပဲ။ ဘယ်တော့မှ အမှော င်ကြီးထဲမှာ အချိန်ကုန် သွားစရာ မရှိဘူး။ ရထားတိုင်းမှာ ဂိတ်ဆုံးဘူတာဆိုတာ ရှိတာပဲ။ တစ်ချိန်ချိန် ပန်းခြံထဲကို သေချာပေါက်ပြန်ရောက်မှာ ။ ကြားကာလလေးကို တောင့်ထားမှ။ အခုအချိန်မှာ ကြောက်စိတ်တွေ လျော့သွားအောင် ပန်းခြံထဲရောက်ရင် ဘာတွေ လုပ်မလဲလို့ တွေ းထား။ ဟုတ်တယ်။ ပန်းခြံထဲကို ပြန်ရောက်လို့ ရောက်တာနဲ့ ရေခဲမုန့်တွေ တဝကြီးစားမယ်။ ဒီသူငယ်ချင်းတွေ နဲ့ ဓာတ်ပုံတွေ ရိုက်မယ်။ တစ်ယောက် ကို တစ်ယောက် မနောက်တော့ဘူး။ ဒုက္ခရောက်အောင် ချောက်မတွန်းတော့ဘူး။ ချစ်ချစ်ခင်ခင် နေတော့မယ်။ သူမသိအောင်

ယူထားတဲ့ သူ့ဘောပင်လေးလည်း ပြန်ပေးမယ်။

အဲဒီ အချိန်မှာ ပဲ တစ်စခန်းပြန်ထလာတာက သူ့အစ်ကို။ တုန်ယင်နေတာတွေ ရပ်သွားပြီး တစ်ကိုယ်လုံး ပျော့ခွေနေတယ်။ ခေါင်းကြီးကလည်း ငိုက်စိုက်သွားတာ ဘယ်လိုမှ ပြန်မတ်ပေးလို့မရတော့ဘူး။ ဘယ်လိုခေါ်ခေါ် ခေါ်လို့လည်း မရတော့ဘူး။ ဒါပေမဲ့ သူ့အစ်ကို မျက်လုံးကြီး ကတော့ ပိတ်မသွားသေးဘူး။ ပိတ်မသွားသေးတဲ့အပြင် ရှိရင်းထက်တောင် ပိုပြူး လာနေသလိုပဲ။ နောက်ပြီး သူ့မျက်နှာကြီးကလည်း ကြောက်ရွံ့ ရွံရှာဖွယ်အတိ။ ဒါနဲ့ သူ့မျက်နှာကို ရှေ့က လက်တန်းလေးပေါ်မှာ အသာပြန်တင်ထား လိုက်ရတယ်။ မဟုတ်ရင် သူ့မျက်နှာကို မြင်လိုက်ရုံနဲ့ ကျွန်တော် တို့ တင်းထားတဲ့ အားလေးတွေ ပြန်လျော့သွားနိုင်တယ်။

'သူငယ်ချင်း... ငါ့အစ်ကိုတော့ သွားပြီထင်ပါတယ်ကွာ'

သူ တရှုပ်ရှုပ်ငိုနေတယ်။ ဟုတ်ပါတယ်။ သူ့အစ်ကိုကို ဘယ်လိုလှုပ်လှုပ် ဘယ်လိုခေါ်ခေါ် မနိုးတော့ပါဘူး။ 'သေလောက်အောင် ကြောက်ဖို့ကောင်းတယ်'ဆိုတာ အရင်တုန်းက ကျွန်တော် တို့ တစ်ခုခုကို အရမ်းသဘောကျရင် သုံးတဲ့စကားပါ။ အခုတော့ တကယ်လက်တွေ့ တွေ့နေရပါပြီ။ ကြောက်လွန်းလို့ တကယ်ပဲ သေ သွားပါပြီ။ ကျွန်တော် တို့လည်း သေချင်စော်နံနေပါပြီ။ ဖြစ်နိုင်ရင် သူ့အစ်ကိုပြောသလို ထွက်ပြေးချင် နေပါပြီ။ မဟုတ်ရင် သူ့အစ်ကိုလိုပဲ သေ သွားပါတော့မယ်။ အခုမှ သူ့အစ်ကိုကို မပြေး နိုင်အောင် အလယ်မှာ ချုပ်ထားမိတာကို နောင်တရမိနေတယ်။ သူ့အစ်ကို ထွက်ပြေးခိုင်းလိုက်ရင် အခုလို ပုံပျက်ပန်းပျက် သေချင်မှ သေမှာ ။ ဒါပေမဲ့ လက်တွေ့မှာ တော့ မ ဖြစ်နိုင်သေးပါဘူး။ ရထားပေါ်မှာ လိုက်သွားရတာ က လုံခြုံတယ်လေ။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ တော့ ပန်းခြံထဲကို ပြန်ရောက်မှာ ပဲ။ တော် ကြာ ထွက်ပြေးပြီးတော့မှ လမ်းပျောက်နေရင် ပိုဆိုးနေဦးမယ်။

သူ့အစ်ကို ဘော်ဒီကြီးကို လမ်းခုလတ်မှာ တင် ထားခဲ့လိုက်ပါတယ်။

ဂျုံးဂျက်ဂျုံးဂျက်ရထားကြီး ကတော့ သူ့လမ်းကြောင်းအတိုင်း သူ သွားနေဆဲပါ။

ပန်းခြံထဲ တစ်နေ့ ပြန်ရောက်မယ်ဆိုတဲ့ စိတ်ကလေးနဲ့ပဲ ကျွန်တော် လည်း မျက်ခုံးမွေးတွေ ဖြူလာခဲ့ပါပြီ။ အသားအရေတွေ ခြောက်သွေ့လို့ မြင်ကွင်းတွေ က ဝါးလာပါပြီ။ ကျွန်တော့် သူငယ်ချင်းဆိုရင် အဘိုးကြီးတစ်ပိုင်းကို ဖြစ်နေပေါ့။ သရဲတွေ ကတော့ ခြောက်တုန်းပေါ့။ ရထားကြီးကလည်း ခုတ်မောင်းနေတုန်းပေါ့။ ကြောက်ရွံ့ခြင်းတွေ နဲ့ နေသားကျလာတော့ တဖြည်းဖြည်းနဲ့ မကြောက်ရမှာ ကိုတောင် ကြောက်လာသလိုလို။ အခုမှ ကျွန်တော့် သူငယ်ချင်းကို သေချာသတိထားကြည့်မိလိုက်တယ်။

'အို...'

သူ့မျက်လုံးတွေ ။ ဟုတ်တယ်။ သူ့မျက်လုံးတွေ ၊ သူ့အကြည့်တွေ က ရထားစီးကာစတုန်းကလို ကြောက်နေတဲ့ပုံစံမျိုး မရှိတော့ဘူး။ ခံစားချက် ကင်းမဲ့နေသလို။ ဒီလိုအကြည့်မျိုးကို မြင်ဖူးပါတယ်။ ကျွန်တော် ရုတ်တရက် နောက်လှည့်ကြည့်လိုက် တယ်။

'ဟုတ်တယ်၊ အသေအချာပဲ'

ရထားပေါ်မှာ ပါသမျှလူတွေ အကုန်လုံးရဲ့ အကြည့်တွေ ၊ မျက်လုံးတွေ ။ သူ့မျက်လုံးနဲ့ တစ်ပုံစံတည်းပဲ။ ခံစားချက်တွေ ကင်းမဲ့လို့။ ဘယ်လို ပြောမလဲ။ မကြောက်တာ မဟုတ်ဘူး။ ကြောက်ရမယ်ဆိုတာကို နားမလည်တဲ့ပုံ။ ဒါဆို အခု ကျွန်တော် ရော။ ဟုတ်တယ်။ ကျွန်တော့် မျက်လုံးတွေ ကရော။

'မှန်တစ်ချပ်လောက်'

'ကျေးဇူးပြုပြီး မှန်တစ်ချပ်လောက် ပေးကြပါ'

Teen၊မေ၊၂၀၁၀

...

# အခန်း(၂)

## စပါးကြီးမြွေသည် သတ္တဝါများ ကို အကောင်လိုက်မျိုချတတ်သည်

မှန်/မှား ဖြေပါ

သတိပြန်ရလာသည့်အခါ ခန္ဓာကိုယ်အနံ့ စေးပျစ်ပျစ်အရည်များ နှင့် ပေကျံနေသည်။ အနံ့ မသတီစရာကောင်းသည့် အနံ့များ က အသက်ရှုလမ်းကြောင်းအနံ့ ပုပ်ဟောင်နေသည်။ အမှောင်၊ အလင်းရောင် တစ်မှုန်မျှမရှိ။ ပတ်ဝန်းကျင်ကြီးတစ်ခုလုံး ပိန်းပိတ်နေ၏ ။

ဘယ်မှာ လဲ။

ဘယ်အရပ်သို့ ရောက်နေပါလိမ့်ဟု ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်းစားကြည့်သည်။ ဦးနှောက်ထဲ၌ မြင်ကွင်းများ တဖျတ်ဖျတ်ပေါ်လာသည်။ တောနက်ကြီး။ လူစုကွဲသွားသည်။ လမ်းပျောက်နေသည်။ ရုတ်တရက် စပါးကြီးမြွေတစ်ကောင် ခန္ဓာကိုယ်ကို ရစ်ခွေလိုက်သည်။ ဆိုးဆိုးရွားရွားအသံ၊ စူးစူးရဲရဲအကြည့်။ ထို့နောက် ပါးစပ်ကြီး 'ဟား'ခနဲပွင့်သွားကာ...

မြတ်စွာ ဘုရား...

ဒါ... ဒါဆို အခု ငါက စပါးကြီးမြွေထဲမှာ ပေါ့။ မသေသေးဘူးပေါ့။ ဘယ်လိုကြီးလဲဟ။ ထိုအချိန်မှာ ပဲ ခန္ဓာကိုယ်ကြီးသည် ကျွန်တော့် ထိန်းချုပ်မှု မပါဘဲ တအိအိ ရွေ့လျားနေသည်ကို သတိပြုလိုက်မိသည်။ အောက်ဘက်သို့ ကျနေသည်။ တစ်ခုခုကို ဆွဲထားလို့ရလိုရငြား လက်နှစ် ဖက်ကို လှုပ်ရှားကြည့်သည်။ လှုပ်မရ ပြုမရအောင် ကျပ်ထုပ်နေ၏ ။

ထိုကဲ့သို့ ပြုတ်ကျနေရာမှ တစ်နေရာအရောက်တွင် တစ်သွားသည်။ မရွေ့တော့။ ခေါင်းကို အသာစောင်းငဲ့၍ ကြည့်လိုက်သည်။ အလင်းရောင် တစ်ပိုင်းတစ်စ တွေ့လိုက်ရသည်။ ဘာ ဖြစ်လို့ ရပ်သွားရတာ ပါလိမ့်ဟု တွေးနေဆဲမှာ ပင် ခန္ဓာကိုယ်ကြီးကို တစ် ယောက် ယောက် က ဆောင့်တွန်းနေသလို ခံစားလိုက်ရသည်။

သို့သော် မရွေ့။ တစ်မြဲ။ နောက်ထပ် နောက်ထပ် ပိုမိုပြင်းထန်သည့်အရှိန်နှင့် အကြိမ်ကြိမ်တွန်းချလိုက်သည်တော့ မှ...

'ဖြွတ်'

...

'ဖြွတ်'ဆိုသည့်အသံနှင့်အတူ ကျွန်တော့်ခန္ဓာကိုယ်သည် သိမ့်ခနဲ ဖြစ်သွားကာ နူးညံ့သည့်အရာတစ်ခုပေါ်သို့ ပြုတ်ကျသွားသည်။ မျက်နှာတွင် ပေကျံနေသည့် စေးကပ်ကပ်အညစ်အကြေးတချို့ကိုဖယ်ကာ မျက်လုံးကို အားယူ၍ ဖွင့်လိုက်သည့်အခါ...

'ဟာ... ခင်... ခင်ဗျားတို့က...'

ကျွန်တော့် ကို အပြူး သားဝိုင်းကြည့်နေသည့် လူသားနှစ် ယောက် ။ တစ်ယောက် က အလွန်ဝကာ တစ်ယောက် က သိသိသာသာပိန်သည်။ နှစ် ယောက် စလုံးတွင် အဝတ်အစားနတ္ထိ။ စေးကပ်ကပ်အရိအရွဲများ နှင့် တစ်ကိုယ်လုံးညစ်ထေးနေကြသည်။

'ခင်ဗျားတို့က လူတွေ လား'

နှစ် ယောက် စလုံး ခေါင်းညိတ်ပြကြသည်။

'ဘယ်ကနေ ဘယ်လိုလုပ် ဒီနေရာကိုရောက်...'

'ခင်ဗျားလိုပဲ မြွေမျိုခံရတာ ပေါ့'

ဖက်တီးက ကျွန်တော့်စကားပင် မဆုံးခင် ဖြတ်ပြောသည်။

'ငါ ကတော့ မြွေမျိုခံရတာ မဟုတ်ပါဘူးနော်၊ ဒီကောင်ကြီးရဲ့ သည်းခြေကို ယူဖို့ ဒီကောင့်ကို အရင်သတ်တာပဲ၊ ကံဆိုးလို့သာ ဒီနေရာကို ရောက်လာရတာ '

ဂျပိန်ကောင်က လေသံဆတ်ဆတ်ဖြင့် ပြန်ပြောသည်။ သူ့ပုံမှာ မြွေမျိုခံရသည်ကို လက်ခံချင်ပုံမရ။

'ဒီနေရာရောက်လာမှတော့ဗျာ အကုန်အတူတူပဲပေါ့၊ ဘာကွာလို့လဲ'

ဖက်တီးကလည်း အတင်စီးမခံ ပြန်ပြောသည်။

'ကွာတယ်ကွ... ကွာတယ်၊ ငါက သူသေကိုယ်သေချင်း တစ်ချက်သတိလက်လွတ်သွားလို့သာ အခုလို ဖြစ်ရတာ ၊ မင်းလို ဘုမသိဘမသိ တောထဲမှာ ထင်း ကောက် မှုစ်ချိုးလောက်နဲ့ အမျိုးခံရတာ မဟုတ်ဘူးကွ'

နှစ် ဦးသား ခွန်းတုံ့မခံ အပြန်အလှန်ပြောနေကြသည်။ သူတို့အသံများ သည် တိုးသွားလိုက်၊ ကျယ်လာလိုက်နှင့် ပုံမှန်မဟုတ်။ ဝေးသွားလိုက်၊ နီးလာလိုက်။ ကျွန်တော့် လည်ချောင်းတွေ ခြောက်ကပ်နေသည်။ ခေါင်းကြီးသည် မီးအားမပြည့်သည့် ပန်ကာ တစ်လက် လည်နေသကဲ့သို့ ဖြည်းဖြည်းချင်းလည်နေ၏ ။

'မိတ်... မိတ်ဆွေတို့မှာ ရေ... ရေလေးတစ်ငုံလောက် မရနိုင်ဘူးလား'

ဟုတ်တယ်။ အခုချိန်မှာ ရေလေးတစ်ခွက်လောက်သာ သောက်လိုက်ရရင် ကုန်ခန်းသွားသည့်အားအင်တွေ ပြန်လည်ပြည့်တင်းလာနိုင်သည်။ အားပြန်မပြည့်လျှင်တောင် အမူးလောက်တော့ သက်သာနိုင်သေးသည်။ အမူးမသက်သာလျှင် လည်ချောင်း ခြောက်ကပ်နေခြင်းကိုတော့ မုချစိုစွတ်ပေးနိုင်လိမ့်မည် ။

'ရေ... ရေတစ်ခွက်လောက်ပါ'

ကျွန်တော့် စကားသံအဆုံးတွင် ဟိုနှစ် ယောက် က တစ်ယောက် ကို တစ်ယောက် ကြည့်၍ ဟက်ဟက်ပက်ပက် ရယ်မောကြလေသည်။

'ရေ... ဟုတ်လား၊ မင်းရောက်နေတာ စပါးကြီးမြွေမရဲ့ အစာအိမ်ထဲမှာ ဆိုတာ သတိရဦးလေ၊ ဒီမှာ က ဘယ်လိုလုပ်ရေရှိမှာ လဲ'

ဂျပိန်ကောင် သူ့အသံစူးစူးရှရှနှင့် ရယ်ရယ်မောမောပြန်ပြောသည်။

'ကျွတ်...'

အစာအိမ်နံရံ ပျော့အိအိကြီးကို စိတ်ပျက်လက်ပျက် မှီချလိုက်သည်။ သောက်

စရာရေမရှိဘဲနှင့် ဒီလူနှစ် ယောက် ဘယ်လိုလုပ်အသက်ရှင်နေပါလိမ့်ဟု တစ်ဆက်တည်း တွေးမိနေသည်။ သို့သော် ပါးစပ်မှတော့ မမေးနိုင်တော့။ အဘယ်ကြောင့် ဆိုသော် လည်ချောင်းကြီး ခြောက်ကပ်နေသည်။ ခေါင်းကြီးချာချာလည်နေသည်။ အားလည်း တစ်စိမျှ မကျန်တော့ပေ။

ကျွန်တော့် အတွေးများ ကို ရိပ်မိပုံရသည့်အပြင် သူတစ်ဖက်သားအပေါ် စာနာ တတ်ပုံရသည့် ဖက်တီးက...

'ခင်ဗျား ရေအရမ်းငတ်နေမှန်း ကျုပ်သိပါတယ်၊ ကျုပ်ရောက်ကာစကလည်း ခင်ဗျားလိုပဲဗျ ဒီအထဲမှာ စားစရာသောက်စရာဆိုလို့ ခင်ဗျားဘေးက အရိအရွဲတွေ ပဲ ရှိတာ၊ အဲဒါတွေ ပဲ စားရမှာ ၊ ရွေးချယ်စရာမရှိဘူး'

'ဘာ...'

ရူးနေကြလား။ ဘယ်လိုလုပ် ဖြစ်နိုင်မှာ လဲ။ ဒီလောက်ပုပ်ဟောင်နေတဲ့ဟာတွေ ကို။ ဒီလောက် ရိရွဲနေတဲ့ဟာတွေ ကို။ ကျွန်တော့် ခေါင်းကို အသာခါပြလိုက်သည်။ သေပလေ့စေ။ ဒါတွေ ကိုတော့ မစားနိုင်ပေါင်။ သေလိုက်တာမှ ပိုကောင်းဦးမယ်။

'မစားရင်တော့ မင်းထိုက်နဲ့ မင်းကံပေါ့ကွာ၊ ဒီမှာ ကြည့်'

ပြောပြောဆိုဆိုနှင့် ဂျပိန်ကောင်က အရိအရွဲပုံတစ်ခုကိုယူကာ မြိန်ရေရှက်ရေ စားပြသည်။ ကျွန်တော် ကတော့ ခေါင်းကိုသာ တွင် တွင် ခါလျက်။ အစာအိမ်နံ့ရုံကြီးကို မှီထားရသည်။ သို့ရာတွင် လည်ချောင်းတွေ ခြောက်ကပ်ရုံသာမက ကွဲအက်လာသည်။ ခေါင်းကြီးတစ်ခုလုံးမှာ အငြိုး အတေးနှင့် ပေါက်လိုက်သည့် ဂျင်တစ်လုံးကဲ့သို့ ချာချာလည် နေ၏ ။ ကိုယ့်အရိုးများ ကိုပင် မသယ်နိုင်လောက်အောင် အားအင်များ ချည့်နဲ့လာလေပြီ။ ဘာမှကို မစဉ်းစားနိုင်တော့။ အသက်ခဏအောင့်လိုက်သည်။ ထို့နောက် ကျွန်တော့် လက်သည် နီးစပ်ရာ အရိအရွဲပုံပေါ်သို့ ...

'ထွီ...'

ဆိုးလိုက်တဲ့အရသာ။ ဆိုးလိုက်တဲ့အနံ့။ ချက်ချင်း ထွေးထုတ်လိုက်သည်။ ကျွန်တော့် ကိုကြည့်ရင်း ဂျပ်နှင့်လူက တဟားဟားရယ်သည်။ ဝတုတ်နှင့်လူက စိတ်မကောင်းဟန်နှင့် အသာခေါင်းယမ်းသည်။ သို့ သော် သိပ်မကြာ။ လက်က အလိုလို နေရင်း နောက်တစ်ပုံပေါ်သို့ ရောက်သွားရပြန်သည်။ အဘယ်ကြောင့် ဆိုသော် လည်ချောင်း တစ်လျှောက် ကွဲအက်ကာ ခေါင်းကြီးချာချာလည်နေပြီး ပါးစပ်ဟနိုင်ဖို့ အားအနည်းငယ် သာ ကျန်တော့သော ကြောင့် ဖြစ်သည့်အပြင် 'ဒီကနေထွက်ချင်ရင် အားရှိဖို့လိုတယ်ကွ' ဆိုသည့် ဖက်တီး၏ သတိပေးစကားကြောင့်ပင် ဖြစ်သည်။

မြွေကြီး၏ အစာအိမ်ထဲမှ အရိအရွဲများ ကျွန်တော့် အစာအိမ်ထဲသို့ ရောက်ရှိသွားတော့မှသာ လူအနည်းငယ်သက်သာသွားကာ ထူထူထောင်ထောင်ပြန် ဖြစ်လာသည်။ သို့ သော် ပတ်ဝန်းကျင်တစ်ခုလုံးက ရိရွဲပေကျံနေဆဲ။ ပုပ်ဟောင်နေဆဲ။

'ကဲ... ကဲ... ငါတို့မှာ အချိန်သိပ်ရှိတာမဟုတ်ဘူး၊ မင်းလည်း နေသာထိုင်သာရှိသွားပြီမဟုတ်လား'

အစာအိမ်ထဲမှ အစာများ စားပြီး အစာအိမ်တင်းကာ အချိန်အနည်းငယ်အိပ်ပျော် သွားသည့် ကျွန်တော့် ကို ဂျပ်နကောင်က လှုပ်နှိုး၍ မေးသည်။

'အင်... ဘာလဲ'

'ကျွန်တော် တို့ ဒီအထဲမှာ ပဲထိုင်နေပြီး သေမယ့်နေ့ကို စောင့်နေလို့မ ဖြစ်ဘူး၊ မဟုတ်လား၊ ဒီတော့ ကျွန်တော့် မှာ အကြံ...'

ဖက်တီးက ရှင်းပြသည်ကို ဂျပ်နကောင်က လက်မခံဘဲ စကားကိုဖြတ်၍ လုပြောသည်။

'နေဦး... ငါအရင်ပြောမယ်၊ ငါက ဒီကိုအရင်ရောက်တာကွ'

တော် တော် မလွယ်တဲ့ ဂျပ်နကောင်ပါလားဟု စိတ်ထဲမှ တွေ းနေမိသည်။ သို့ သော် ဘာမှတော့ ပြန်မပြောသင့်သေးပေ။ ကျွန်တော် က အခုမှရောက်လာသူဆိုတော့

အရိပ် အခြေအနေကို စောင့်ကြည့်ရဦးမည်။

'ဒီလိုကွာ... ငါက ဒီငွေမကြီးရဲ့ အစာအိမ်ကိုခွဲ၊ မိုက်ကြီးကိုခွဲ၊ ပြီးရင် သည်းခြေပါထုတ်ပြီး ဒီထဲကနေ ထွက်ချင်နေတယ်ကွာ၊ ဒါကို ဒီကောင်နဲ့ ညှိလို့မရ ဖြစ်နေတယ်'

ဂျပိန်ကောင်က သူ့လက်ညှိုး တွင် ပေကျံနေသည့် အရိအရွဲများ ကို ငွေပတ်ခနဲစုပ်ကာ ကျွန်တော့် ကို ဘယ်လိုသဘောရသလဲဟု မေးဆတ်ပြလေသည်။ ကျွန်တော် ဘာမှ မပြောရခင် ဖက်တီးက ဝင်၍ ...

'မဟုတ်သေးပါဘူးဗျာ၊ ငွေမအရေခွံဆိုတာ အင်မတန်မာပြီးထူတဲ့အမျိုးကိုဗျ၊ ခွဲဖို့ရာ မလွယ်ဘူး၊ ပြီးတော့ ခွဲနိုင်ရင်တောင် အလိုလိုပြန်ပိတ်တယ်လို့ ကျုပ်ကြားဖူးတယ်၊ တော် ကြာ အစာအိမ်ကိုပဲခွဲနိုင်ပြီး အရေခွံကြီးကိုမခွဲနိုင်ရင် ဘယ်လိုလုပ်မလဲ၊ ကျုပ်တို့အားလုံး ဒီအစာအိမ်ထဲက အစာတွေ ကိုပဲ မှီခိုရှင်သန်နေရတာ မဟုတ်လား၊ သေချာစဉ်းစားပါဦးဗျာ၊ အစာအိမ်ကြီးပျက်စီးသွားရင် ဘာသွားစားကြမလဲ၊ ခင်ဗျားအကြံကြီးက ကျုပ်တို့အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်'

'မင်းပြောလိုက်ရင် ဒီလိုချည်းပဲ'

ဂျပိန်ကောင်က ဒေါသတကြီး အော်သည်။ ဖက်တီးက လက်ကာပြရင်း...

'ကျုပ်အကြံကိုလည်း တင်ပြပါရစေဦး၊ ဒီလိုဗျာ... ခင်ဗျား ရောက်လာတာ ပိုကောင်းတယ်၊ ဟိုမှာ တွေ့လား၊ ကျုပ်တို့ကျလာတဲ့အပေါက်၊ အဲဒီ အပေါက်ထဲကို တစ်ယောက် ပေါ် တစ်ယောက် ဆင့်ပြီးတွန်းတင်ကြမယ်၊ ပြီးတော့မှ ငွေမကြီးရဲ့ ပါးစပ်ပေါက်ကနေ ပြန်ထွက်ကြတာပေါ့၊ ကဲ... ဘယ်လောက်အဆင်ပြေလိုက်သလဲ'

'ထွီ...'

'အလကားသက်သက် စိတ်ကူးယဉ်သမား၊ မင်း အဲဒီ လိုစိတ်ကူးယဉ်နေလို့ မင်းခန္ဓာကိုယ်ကြီးက အခုလို ဘုတ်ထိုင်းကြီး ဖြစ်နေတာ သိရဲ့လား'

'ခင်ဗျားနော်... ခင်ဗျား၊ စကားပြောမရိုင်းနဲ့'

ဂျပိန်ကောင်သည် ဖက်တီးကို တစ်စက်ကလေးမှ အလေးအနက်ထားပုံမပေါ်။ သူပြောချင်ရာ ဆက်ပြောသည်။

'ဘာတဲ့... တစ်ယောက် ပေါ် တစ်ယောက် တွန်းတင်မယ်ဟုတ်လား၊ တကယ့် ဟာသပဲ၊ ကဲ... တွန်းတင်ပါပြီတဲ့၊ အပေါ်ဆုံးမှာ ဘယ်သူနေမလဲ၊ အောက်ဆုံးမှာ ဘယ်သူနေမလဲ၊ အပေါ်ဆုံးကောင်က မင်းပြောသလို လွတ် သွားပါပြီတဲ့၊ နောက်လူတွေ ကို ဆက်မကယ်ဘဲ ကိုယ်လွတ်ရုန်းသွားရင် ဘယ့်နှယ်လုပ်မလဲ၊ လူဆိုတာ ခွေးမတွေ လောက်တောင် စိတ်ချရတာ မဟုတ်ဘူး၊ မင်းခေါင်းထဲက အလေနတောအတွေ းတွေ ကို မောင်းထုတ်လိုက်စမ်းပါ အီးပေါလောကြီးရဲ့ '

'ဟေ့လူ... ခင်ဗျားနော် ခင်ဗျား၊ ကျုပ်ကို အဲလိုမခေါ်နဲ့'

ဖက်တီး၏ ပေကျံညစ်ထေးနေသည့် မျက်နှာတွင် ဒေါသရိပ်များ အထင်းသား တွေ ့နေရသည်။

'ခေါ်တယ်ကွာ၊ ခေါ်တယ်၊ အီးပေါလောကြီး၊ ကဲ... ဘာ ဖြစ်လဲ'

'ဗက်...'

အင်မတန်မြန်သည်။ တားချိန်မရလိုက်။ ဖက်တီးက သူ့အနားရှိ အရိအရွဲ ပုံကိုယူကာ ဂျပိန်မျက်နှာကို ပစ်ပေါက်လိုက်သည်။ ကျွန်တော့် စိတ်ထဲတွင် သွားပါပြီ။ ကွို င်တော့တက်ပြီဟု စိုးရိမ်မိသော် လည်း ကျွန်တော် ထင်သလို မ ဖြစ်။ ဂျပိန်ကောင်သည် စိတ်မဆိုးသည့်အပြင် ဖက်တီးပစ်လိုက်သည့် အရိအရွဲများ ကို မျက်နှာမှသုတ်ကာ တပွတ်ပွတ်စုပ်နေသည်။ ပြီးတော့မှ တဟားဟားရယ်ကာ အီးပေါလောကြီး၊ အီးပေါ လောကြီးဟု အော်နေသည်။

ဖက်တီး ကတော့ ဒေါသထွက်နေတုန်းပင်။ သို့သော် ဘာမှမလုပ်တော့။ ကျွန်တော် ကဲ့သို့ပင် အစာအိမ်နံရံကြီးကိုမှီကာ ခြေပစ်လက်ပစ် ထိုင်နေ၏ ။

'ဟာ...'

ဖက်တီးက မှိုနေရာမှ ဆတ်ခနဲမတ်လိုက်သည်။

'ဟာ… ဟုတ်ပြီ၊ အခု ကျုပ်တို့မှာ ဒီကနေရုန်းထွက်ဖို့ အစီအစဉ်နှစ် ခုရှိတယ် မဟုတ်လား၊ ဒီတော့ ဒီနှစ် ခုထဲက တစ်ခုကို ခင်ဗျားရွေးဗျာ၊ ခင်ဗျားသဘောတူတဲ့အတိုင်း ကျုပ်တို့ လုပ်ကြတာပေါ့၊ ဘယ်လိုသဘောရလဲ'

ဖက်တီးက ကျွန်တော့် ကို မေးသည်။ ကျွန်တော် က ဂျပိန်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ဂျပိန်ကောင်က ပခုံးတွန့်ကာ သဘောပဲဟု ပြန်ဖြေသည်။

'တရားမျှမျှ နှစ် မဲတစ်မဲပေါ့ဗျာ၊ ခင်ဗျားရွေးတဲ့ဘက်က အနိုင်ပဲ'

ဒီလိုဆို ကျွန်တော် ရွေးရမည် ပေါ့။ ဒါမှ တကယ့်ဒုက္ခ။ ကျွန်တော့် ရွေးချယ်မှုသည် ကျွန်တော့် အသက် သေရေး ရှင်ရေး သာမက ဟိုနှစ် ယောက် အသက်ပါ ပါနေသည်။ ကျွန်တော် အရွေးမှား သွားလျှင် သုံးယောက် စလုံး သေသွားနိုင်သလို တစ်သက်လုံး ဤအထဲတွင် နေနေရနိုင်သည်။ ထိုကဲ့သို့ သော အသက်နှင့်ရင်း၍ လုပ်ရမည့် ကိစ္စများ ကို အချိန်ယူ၍ စဉ်းစားရပေမည် ။

'နေဦးဗျာ… ကျွန်တော့် ကို စဉ်းစားဖို့ အချိန်နည်းနည်း တော့ပေး'

'အေး… အချိန်ပေးရတာ အရေး မကြီးဘူး၊ အခု ငါတို့နေရတာ မင်းမြင်တဲ့အတိုင်းပဲ၊ သုံးယောက် တောင် ဒီလောက်ကျပ်ပိတ်နေတာ၊ မင်းက စဉ်းစားနေတုန်း မင်းလိုနောက် တစ်ယောက် ထပ်ရောက်လာရင် ဘယ်လိုလုပ်မလဲ၊ နေစရာနေရာ မရှိတော့ဘူးနော်'

'ဟုတ်တယ်ဗျ၊ နေစရာနေရာမရှိတာက နောက်ဆုံးကြံဖန်ပြီး လုပ်ပေးလို့ရသေးတယ်၊ တော်ကြာ နောက်ရောက်လာမယ့်သူက ခင်ဗျားရွေးချယ်မှု ကို သဘောမတူဘဲ နှစ် မဲနှစ် မဲနဲ့ ဇာတ်ကြောရှည်နေမှ တကယ့်ဒုက္ခ'

'အေးပါဗျာ… အေးပါ… အချိန်နည်းနည်း ပါပဲဗျာ၊ အခု ခင်ဗျားတို့ စကားပြောနေတာကမှ ပိုကြာနေသေး'

•••

စဉ်းစားစမ်း။ စဉ်းစား။ အကြံနှစ် ခုစလုံးတွင် ပျော့ကွက်၊ ဟာကွက်များ စွာ ရှိသည်။ စဉ်းစားလေလေ အားနည်းချက်များ ကို တွေ့လေလေ ဖြစ်သည်။ တစ်ရာရာနှုန်း မပြည့်စုံ။ အသက်နှင့်လောင်းကြေးထပ်ရသော ကိစ္စများ သည် ရာနှုန်းပြည့်စိတ်ချရမှ ဖြစ်မည် ။

နေပါဦး။ မဟုတ်သေးပါဘူး။ ဒီလို မြွေမတစ်ကောင်မိုက်ထဲက တောသားတွေ ရဲ့ အကြံဉာဏ်ကို ဘာလို့ ငါက လိုက်လုပ်ရမှာ လဲ။ ငါက ဘွဲ့ရပညာတတ် တစ်ယောက် ပဲ။ ဒီလိုကိစ္စမျိုးဆိုတာ ငါလိုလူမျိုးက စဉ်းစားဆုံးဖြတ်ရမှာ မဟုတ်လား။ ဟုတ်တယ်။ ငါဖတ်ထားတဲ့စာအုပ်တွေ ၊ ငါသင်ထားတဲ့ပညာတွေ က ဒီလိုအရိအရွဲတွေ ကို မြိန်ရေရှက်ရေ စားနေတဲ့သူတွေ ရဲ့ အကြံဉာဏ်ကို လက်ခံဖို့လား။

ကျွန်တော် ခေါင်းတစ်ချက်ယမ်းလိုက်သည်။ ထို့နောက် ဖက်တီးနှင့် ဂျပိန် ကောင်ကိုကြည့်ကာ...

'ကျွန်တော် စဉ်းစားမိတာ ဒီလိုဗျ'

နှစ် ယောက် စလုံးက စိတ်ဝင်တစား ကျွန်တော့် နားသို့ ကပ်လာသည်။

'ပထမအကြံ ဖြစ်တဲ့ ဖောက်ထွက်ဖို့ဆိုတဲ့ကိစ္စက မလွယ်ဘူး၊ အချွန်အတက် တစ်ခုခုမရှိဘဲ လက်ချည်းဗလာနဲ့ ဘယ်လိုလုပ်ဖောက်မလဲ၊ ဓားတစ်ချောင်းလောက် ရှိမှ ဖြစ်နိုင်မယ့်ကိစ္စ၊ မြွေမကလည်း သူ့ဗိုက်ကိုဖောက်ဖို့ဆိုပြီး ဓားကိုတော့ မျိုချပေးမှာ မဟုတ်ဘူး'

'တောက်... အေးကွာ... ဒီကောင်နဲ့ ငါ ချတုန်းက ငါ့လက်ထဲမှာ ဓားပါတယ်ကွ၊ ဒီကောင် ညှို့ လိုက်တော့သာ ဓားကျန်ခဲ့တာ၊ တောက်... နာတယ်ကွာ'

ဂျပိန်ကောင်က မကျေမနပ်ရေရွတ်သည်။

'နောက်အကြံ ဖြစ်တဲ့ တစ်ယောက် စီဆင့်ပြီး မြွေပါးစပ်ထဲက ပြန်ထွက်ဖို့ကိစ္စ၊ ဒါ ကတော့ လုံးလုံးမ ဖြစ်နိုင်ပါဘူး၊ စဉ်းစားကြည့်လေ၊ ဒီလောက်ရှိရွဲချောချွဲနေတဲ့နံရံတွေ ကို ဘယ်လိုတွယ်တက်မလဲ၊ နောက်ပြီး ကျွန်တော် တို့ပြုတ်ကျလာတဲ့ အပေါက်ကိုပဲ ပြန်ကြည့်ဦး၊

ကျဉ်းကျဉ်းလေး တွေ ့လား၊ ကျွန်တော် တို့တောင် အတင်းညှစ်လိုက်လို့ ကျလာရတာ မဟုတ်လား'

'အင်း... အဲ... ဟုတ်သား'

ဖက်တီးက စို့ရွှဲနေသည့် သူ့ဆံပင်များ ကို တဖျက်ဖျက်ကုတ်၍ မျက်လုံးလေး ပေကလပ် ပေကလပ်လုပ်နေ၏ ။

'ဆိုတော့ကာ မိတ်ဆွေတို့နှစ် ယောက် စလုံးရဲ့ အကြံဉာဏ်တွေ က အသုံးမဝင်ဘူး ဖြစ်နေတယ်၊ ကျွန်တော့် အမြင်ကို ပြောရရင်...'

'အေး... ပြောပါဦး'

'လုပ်စမ်းပါကွ'

နှစ် ယောက် စလုံးက အားကိုးတကြီးနှင့် နားစွင့်ကာ ခန္ဓာကိုယ်များ မတ်လာကြသည်။

'စောင့်ရမယ်'

'အချိန်အခါကောင်းကို စောင့်ရမယ်'

'ဟာ...'

'အဲဒါတော့ မင်းပြောမှလားကွ'

နှစ် ယောက် စလုံးက စိတ်ပျက်လက်ပျက် ဖြစ်သွားကြကာ အစာအိမ်နံရံကြီးကို ပြန်မှီသွားကြသည်။

'ဟုတ်တယ် စောင့်ရမယ်၊ လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နေးတို့ တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲဆိုတာ ဖြည်းဖြည်းမှန်မှန်လုပ်ခြင်းရဲ့ အကျိုးကျေးဇူးတွေ ၊ အလျင်မလိုခြင်းရဲ့ အကျိုးကျေးဇူးတွေ ကို ဖော်ပြတဲ့ ရှေးစကားပုံတွေ ပေါ့'

ဒီတောသားတွေ ပုံက ဒါတွေ လည်း ကြားဖူးပုံရမည် မထင်။ မပုကြွယ်နှင့်

ခရုငယ်ပုံပြင်တို့၊ ယုန်နှင့် လိပ်တို့ပုံပြင်တို့လည်း ကြားဖူးကြမှာ မဟုတ်ပါဘူး။ ကြားဖူး ရင်တောင်မှ နားလည်ပါ့မလား မသိ။

'ပြင်သစ်စာရေး ဆရာကြီး ဖောင်တိန်းက အချိန်အခါကောင်းကို စောင့်ဆိုင်းခြင်း ဖြင့် အောင်မြင်မှု များ ကို ရယူပါလို့ ပြောခဲ့သလို၊ ဂရိတွေ းခေါ်ပညာရှင် သာလီး(စ်)ကလည်း အချိန်အခါကောင်းနှင့် အခွင့်အရေး ကောင်းကို မစောင့်နိုင်သူသည် အောင်မြင်မှု နှင့် ဝေးကွာလိမ့်မည် လို့ ပြောခဲ့ကြတယ်မဟုတ်လား'

မှတ်ထား။ ဒါ စကားကြီးဆယ်မျိုးထဲမှ ကောက်ပင်ရိတ်လှီး စကားပြောနည်း ဟု ခေါ်သည်။

ကိုယ်လိုချင်သည့်အချက်ကို အကိုးအကားစုံစုံလင်လင်နှင့် ပိုင်ပိုင်နိုင်နိုင်ပြော လိုက်တော့ နှစ် ယောက် စလုံး မငြင်းနိုင်တော့။ တောသားတွေ ခေါင်းတညိတ်ညိတ် နှင့် လက်ခံလိုက်ရသည်။

'ကျွန်တော် ကတော့ မပိုင်ရင် ခြင်တောင်မရိုက်ဘူးဗျ၊ ဒါကြောင့် စောင့်ဆိုင်း ခြင်းဆိုတာ အောင်မြင်... မြင်... မြင်... အောင်မလေး... ငေ... ငေ... ငလျှင်လှုပ် တယ်ဗျ'

ကျွန်တော် ထိုင်နေရာမှ သိမ့်ခနဲလှုပ်သွားသည်။ ထို့နောက် ဆက်ကာဆက်ကာ မရပ်မနားလှုပ်နေသည်။ ကျွန်တော် တို့သုံးယောက် စလုံး ယိမ်းထိုးနေလေသည်။

'ဘယ့်နှယ်... မြွေအစာအိမ်ထဲမှာ ငလျှင်လှုပ်ရမှာ လဲ ပညာရှိကြီးရဲ့၊ ဒီကောင်တော့ နောက်ထပ် တစ်ယောက် ကို မျိုတော့မယ်ထင်တယ်'

ဂျပိန်ကောင်က ခပ်သဲ့သဲ့ပြန်ပြောသည်။

'ဗျာ... နောက် တစ်ယောက် '

'ဟုတ်တယ်၊ မင်းကို မျိုခါနီး တုန်းကလည်း အဲဒီ လိုပဲ၊ ငါတို့နှစ် ယောက် ဒီထဲမှာ ကျွမ်းပြန်နေရော'

'ဒုက္ခပါပဲဗျာ၊ ဒီထဲမှာ နေစရာနေရာ မရှိတော့ပါဘူးဆိုမှ၊ တော် တော်

အစားပုပ်တဲ့ မြွေပဲ'

ဖက်တီးက ထုံးစံအတိုင်း စိတ်တိုစွာ သူ့ခေါင်းကို တဗျက်ဗျက်ကုတ်ရင်း ညည်းညူသည်။

'အင့်...'

'အိ...'

'အား...'

လှုပ်ရှားမှု များ က ပိုမိုပြင်းထန်လာသည်။ တစ်ယောက် နှင့် တစ်ယောက် တွန်းထိုး လုံးထွေးမိကုန်ကြသည်။

'မင်းကိုမျိုတုန်းက ဒီလောက်မလှုပ်ပါဘူး'

'ဘယ်လိုလူမျိုးကို မျိုနေလို့ ဒီလောက်လှုပ်ယမ်းနေရတာ ပါလိမ့်'

သို့ သော် သိပ်မကြာ။ ဖြည်းဖြည်းချင်း ပြန်လည်ညင်သာသွားသည်။ အနည်းငယ်တော့ လှုပ်နေဆဲပင်။

'ဖက်...' 'ဗလက်...' 'ဖက်...'

'ဖက်...' 'ဗလက်...'

ကျွန်တော့် ခေါင်းပေါ်သို့ အရိအရွဲများ အတုံးလိုက်အတစ်လိုက် ကျလာသည်။ ရှောင်ချိန်မရလိုက်။ ရှောင်လို့လည်း လွတ်မည် မဟုတ်။ အစာအိမ်တစ်ခုလုံး ပေပွသွားသည်။ လတ်လတ်ဆတ်ဆတ်အပုပ်နံ့များ က လှိုင်တက်လာသည်။ သို့ သော် ၎င်းအပုပ် အနံ့များကြောင့် ရောက်စကလို အော့အန်ချင်စိတ်များ ၊ ပျို့တက်လာခြင်းတို့ မ ဖြစ်တော့ပေ။ ဟိုနှစ်ယောက် တစ်ကိုယ်လုံးတွင် လည်း အရိအရွဲများ ရွှဲရွှဲစိုလျက်ရှိသည်။ ဂျပိန် ကောင် ကတော့ ထုံးစံအတိုင်း သူ့လက်များ ကို တပြွတ်ပြွတ်စုပ်နေသည်။ ကျွန်တော့် တစ်ကိုယ်လုံးလည်း ထိုနှစ် ယောက် ကဲ့သို့ ပင် ချွဲပျစ်ပျစ်များ နှင့် စိုရွှဲနေ၏ ။ ဂျပိန်ကောင် တပြွတ်ပြွတ်စုပ်နေပုံကိုကြည့်ရင်း တံတွေ းတစ်ချက် မျိုချလိုက်မိသည်။ ကြည့်စမ်းပါဦး။

သူစားနေတဲ့ပုံက အားရပါးရရှိလိုက်တာ။ ကျွန်တော့် လက်ကို ကျွန်တော် ပြန်ကြည့်လိုက်သည်။ အရိုအရွဲများ က အစာစားချင်စိတ်ကို အားရပါးရ မွှေးဆွယ်နေသည်။ ဘယ်လိုမှ စိတ်ထိန်း၍ မရတော့။ လက်ညှိုး ကို အသာစုပ်ကြည့်လိုက်သည်။

'ဟ... မဆိုးဘူးဟ'

ဒါကြောင့် ဂျပိန်ကောင်က အချိန်ပြည့် သူ့လက်ကို တပြွတ်ပြွတ်စုပ်နေတာ ကိုး။ ကြည့်စမ်း... အသိနောက်ကျလေခြင်း။ လက်ညှိုး ပြီးတော့ လက်ခလယ်၊ ပြီးတော့ လက်သူကြွယ်၊ ပြီးတော့ လက်သန်း၊ ပြီးတော့ လက်မ။ လက်တစ်ခုလုံးကို တပြွတ်ပြွတ် နှင့် အငမ်းမရစုပ်ပစ်လိုက်သည်။ မိခင်နို့ချိုကို သားငယ် တစ်ယောက် အငမ်းမရစို့နေ သလိုမျိုး။ မြိန်လိုက်သည် ဖြစ်ခြင်း။

'ဟာ... ဟိုမှာ ဟိုမှာ ကျလာပြီ'

ဖက်တီးက ကျွန်တော် တို့ကျလာသည့်အပေါက်ကို ကြည့်ရင်း အလန့်တကြား အော်သည်။

'သစ်... သစ်သားတုံးကြီးများ လားကွ၊ ကြည့်ပါဦး'

ဂျပိန်ကောင်က တစ်စွန်းတစ်စကျလာသည့် အချောင်းကြီးကို လက်ညှိုး ထိုးပြ သည်။ ဘယ့်နှယ့် သစ်သားတုံးရမှာ လဲ။ တော် တော် တုံးတဲ့ တောသားဂျပိန်ပဲ။ ဒီလို ငပိန်းငအတွေ နဲ့အတူတူနေရတာ တကယ့်'ဂွ'ပဲ။ ကြည့်ဦးလေ။ ဟိုမှာ လှုပ်ယမ်းနေတာ။ ပျော့တွဲ နေတာ။ သစ်သားတုံးသာဆို အခုလိုလှုပ်ယမ်းပျော့တွဲ နေပါ့မလား။

'လူမဟုတ်တာတော့ သေချာတယ်'

ကြည့်။ ဖက်တီးလည်း ဘာထူးလဲ။ အချောင်းလိုက်ကြီးကျလာမှတော့ လူ ဖြစ်ပါတော့မလား။ ဒီလို တွေးခေါ်ပညာရှင်တွေ နဲ့တော့ တကယ့်'ဂွ'ပဲ။ ကိုယ့်ဘာသာကိုယ် စိတ်ပျက်လက်ပျက် တွေးနေဆဲ ၄င်းအချောင်းကြီးမှာ တဖြည်းဖြည်းထွက်လာပြီး အစာအိမ်ထဲသို့...

'ပျွတ်... ပြွတ်...'

ကျလာသည့် အချောင်းကြီးနားသို့ ကျွန်တော် တို့သုံးယောက် စလုံး ဝိုင်းကြည့် လိုက်သည်။

'အို...'

'ဟာ...'

'ဟင်...'

သုံးယောက် စလုံး နောက်သို့ ဆုတ်လိုက်သည်။ အလန့်တကြား ပူးကပ်သွားမိ၏ ။ 'မြွေ'။ စပါးကြီးမြွေတစ်ကောင်။ စပါးကြီးမြွေ မျိုလိုက်သည်မှာ စပါးကြီးမြွေ တစ်ကောင် ဖြစ်နေသည်။ အရိအရွဲများ နှင့် ပေကျံနေသည့် ၎င်းစပါးကြီးမြွေသည် ကျွန်တော် တို့ကို မြင်လိုက်သည့်အခါ လှုပ်ရှားမှု စတင်တော့သည်။ ခေါင်းကြီးထောင်လာသည်။ ကြောက်လန့်ဖွယ် ရှူးရှူးရှရှ အသံထွက်လာသည်။

အခြေအနေကို သုံးယောက် စလုံး ရိပ်မိသွားကြသည်။ မြွေမျိုခံရသည့် အတွေ့ အကြုံလည်း ရှိသဖြင့် မြွေကြီးလှုပ်ရှားနေပုံကို ရိပ်စားမိသွားသည်။ သူ ကျွန်တော် တို့ကို မျို တော့မည် ။ ကြောက်လန့်တကြား တစ်ယောက် လက်ကို တစ်ယောက် ဆုပ်ကိုင်ကာ ပူးကပ်သွားကြသည်။

ထိုကဲ့သို့ တစ်ယောက် နှင့် တစ်ယောက် ပူးကပ်လိုက်ခြင်းသည် ကျွန်တော် တို့ ၏ မဟာအမှား ကြီးပင်။ အဘယ်ကြောင့် ဆိုသော် စပါးကြီးမြွေအစာအိမ်ထဲမှ စပါးကြီး မြွေသည် ကျွန်တော် တို့သုံးယောက် စလုံးကို ပြိုင်တူညှို့ ထားလေသည်။ အလွယ်တကူ ညှို့ လိုက်နိုင်သည်။ မရုန်းနိုင်တော့။ ပြေးစရာလည်း မရှိ။ ခုခံဖို့ရာလည်း လက်နက် မရှိ။ မစွမ်းသာ။ ပါးစပ်ပေါက်ကြီးက 'ဟား'ခနဲ။

သုံးယောက် စလုံးကို ပြိုင်တူမျိုသွင်းရန်...

ပိတောက်ပွင့်သစ်၊ ဇွန်လ၊ ၂၀၁၂

•••